# Safe and Fair

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) မှတစ်ဆင့် အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားတို့၏ အခွင့်အရေးများနှင့် အခွင့်အလမ်းများကို သိရှိနားလည်စေခြင်း

Spotlight Initiative

*To eliminate violence against women and girls*

အာဆီယံဒေသရှိ ရွှေ့ပြောင်းအလုပ်သမားထက်ဝက်နီးပါးမှာ အမျိုးသမီးများဖြစ်ကြသည်။ အမျိုးသမီးများသည် အဓိကအားဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေး၊ အိမ်အကူလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် ဖျော်ဖြေရေး လုပ်ငန်းတို့ကဲ့သို့ ပုံမှန်လစာရသည့်အလုပ်အကိုင်မျိုး မဟုတ်ဘဲ အခကြေးငွေနည်းပါးစွာသာရရှိကြသည့် အလုပ်အကိုင်တို့တွင် ဖောက်ချလုပ်ကိုင်နေကြရပါသည်။ တရားဝင်မဟုတ်သည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားတို့သည် သူတို့၏ ရွှေ့ပြောင်းမှုအနေအထားနှင့် အထီးကျန်တည်ရှိနေမှုတို့ကြောင့် အကြမ်းဖက်ခံရနိုင်ခြေရှိမှု၊ အတင်းအကျပ်လုပ်ကိုင်စေမှုနှင့် လူကုန်ကူးခံရမှုတို့ကို ခံရနိုင်သည့်ဘေးအန္တရာယ်ရှိပါသည်။ **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်ပါ အချက် (၅)၊ (၈)၊ (၁၀) နှင့် (၁၆)** တို့သည် အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ဖော်ထုတ်တင်ပြလိုရင်းရှိပါသည်။






## လုံခြုံစိတ်ချ၍ တရားမျှတသော ရွှေ့ပြောင်းသွားလာ မှုဆိုသည်မှာ အမျိုးသမီးရွှေ့ပြောင်း အလုပ်သမားများကို -

**ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုအပါအဝင် အကြမ်းဖက်ခံရမှုနှင့် လူကုန်ကူးခံရမှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုနှင့် ခေါင်းပုံဖြတ်မှုရှိသည့်အလုပ်အကိုင်အခြေအနေများနှင့် ရွှေ့ပြောင်းသွားလာမှု** ဖြစ်စဉ်များ၏ အကြမ်းဖက်မှုမှ ကာကွယ်ပေးထားရမည်။

**အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက တွေ့ကြုံခံစားခဲ့ရသူ အခြေပြုတုံ့ပြန်မှုများကို ရရှိစေ**ရမည်ဖြစ်သည်။

ကျား၊ မရေးရာမျှတမှုရှိသော ခံစားခွင့်၊ အခွင့်အလမ်းနှင့် အခြေအနေများကို ရရှိစေရမည်ဖြစ်သည်။

၎င်းတို့၏ အခြေခံကျသော ရပိုင်ခွင့်များကို ကာကွယ်ပေးပြီးသားဖြစ်ပြီး၊ ကောင်းမွန်သောအလုပ်အကိုင်တို့အတွက် စစ်မှန်သည့်အခွင့်အလမ်းများ ရှိရမည်ဖြစ်သည်။

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ပါအချက် (၅.၂) လူကုန်ကူးမှုအပါအဝင် လူမြင်ကွင်းနေရာများနှင့် ဆိတ်ကွယ်ရာနေရာများတွင် အမျိုးသမီးနှင့် မိန်းကလေး အားလုံးအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ လျော့ နည်းပပျောက်ရေး။




အာဆီယံဒေသတွင် လက်တွဲဖော်မှအကြမ်းဖက်ခြင်းကို တစ်သက်တာတွေ့ကြုံ ခံစားရသည့် အမျိုးသမီး ရာခိုင်နှုန်းအနေဖြင့် ၆ ရာခိုင်နှုန်းမှ ၄၄ ရာခိုင်နှုန်း အထိ ရှိပါသည်။ ရွှေ့ပြောင်းသွားလာမှုတွင် အမျိုးသမီးရွှေ့ပြောင်း အလုပ်သမား များအနေဖြင့် ကြားခံအဖွဲ့အစည်းများနှင့် အလုပ်ရှင်တို့အပြင်၊ လက်တွဲဖော်နှင့် အခြားသောသူတို့၏ အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှုဘေးအန္တရာယ်များကို တွေ့ကြုံရနိုင်ပါသည်။



**ဆွေးနွေးရန်အချက်။** ▮ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် လူကုန်ကူးခံရမှုတို့မှ လွတ်မြောက်လာသူတို့အတွက် ဝန်ဆောင်မှုများသည် သူတို့၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိအောင် ကောင်းမွန်စွာပြုလုပ်ထားခြင်းမရှိ နိုင်သေးဘဲ၊ ကာလတိုသဘောဆန်ပြီး၊ ရေရှည်တည်တံ့ခိုင်မြဲမှုမရှိသေးပါ။ လိုအပ်သည့်သူများထံရောက်ရှိရန်လည်း စိန်ခေါ်မှုရှိနေသေးပြီး၊ အဖွဲ့အစည်းများကြားတွင် ကောင်းမွန်စွာပူးပေါင်းညှိနှိုင်းမှုလည်း မရှိသေးပါ။

**တုံ့ပြန်မှု။** ▮ အကြမ်းဖက်ခံရခြင်းမှ လွတ်မြောက်လာသူတို့၏ နိုင်ငံသားဖြစ်မှုနှင့် ရွှေ့ပြောင်းသွားလာမှုအခြေအနေများကို မစဉ်းစားဘဲ ထိုသူအားလုံးအား ဂုဏ်သိက္ခာရှိစွာ ဆက်ဆံရန်အလို့ငှာ လွတ်မြောက်လာ သူတို့အပေါ် အဓိကထားသည့် မရှိမဖြစ်ပေးရမည့် ဝန်ဆောင်မှုများအတွက် ညှိနှိုင်းဆောင်ရွက်သည့် စနစ်များတည်ဆောက်ရန် လိုအပ်ပါသည်။

**ဆွေးနွေးရန်အချက်။** ▮ အမျိုးသမီးရွှေ့ပြောင်းသွားလာသူတို့နှင့် ပတ်သက်သည့် ယုံတမ်းစကားများသည် မူခင်း၏သားကောင်များကို ကာကွယ်ရန် တာဝန်ရှိသူများ၊ တရားမျှတမှုကိုဆောင်ကျဉ်းပေးမည့်သူများ အပါအဝင် အခြားသူများက အမျိုးသမီးများအပေါ် အမဲစက်ရှိသူများအဖြစ် ရှုမြင်ခြင်းနှင့် ခွဲခြားဆက်ဆံမှုတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

**တုံ့ပြန်မှု။** ▮ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများတွင် ဝန်ဆောင်မှုများကို တူညီစွာရရှိစေရမည့် အခွင့်အရေးများရှိကြောင်း သိရှိစေရန် အမဲစက်ရှိသူများအဖြစ် ရှုမြင်ခြင်း နှင့်ခွဲခြားဆက်ဆံမှုကိုဖြစ်စေသည့် အပြုအမူများအား နားလည်သဘောပေါက်စေရန် လက်တွေ့မြေပြင်တွင် ဝန်ဆောင်မှု ပေးနေသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်မှာ အရေးပါလှသည်။




မုဒိမ်းကျင့်မှုဟူသည် အဆင့်အတန်းနိမ့်သည့်သူများ၊ ပညာ မတတ်သူများ သို့မဟုတ် ရွှေ့ပြောင်းသွားလာ သူတို့သာ ကြုံရလေ့ရှိသည့် ကိစ္စတစ်ခုဖြစ်ပါသည်။

— တရားရေးအရာရှိတစ်ဦး

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ပါအချက် (၈.၇) အတင်းအကျပ်ခိုင်းစေခြင်းနှင့် လူကုန်ကူးခြင်းတို့ကို လုံးဝပပျောက်စေရန် ချက်ချင်းဆောင်ရွက်သည့် ထိရောက်သောစီမံချက်များ လုပ်ဆောင်ရေး။**

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ပါအချက် (၈.၈) ရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများအပါအဝင် အလုပ်သမားအားလုံးအတွက် လုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်ဖြစ်ပေါ်လာရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် အလုပ်သမားအခွင့်အရေးများကို ကာကွယ်ရေး။**




**ဆွေးနွေးရန်အချက်။** ။ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ခွဲခြားဆက်ဆံခံရမှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုနှင့် အလွဲသုံးစားပြုခြင်းခံရမှုဟူသည့် အတွေ့အကြုံများကြုံရသော်လည်း ၎င်းတို့၏လုပ်အားနှင့် အကျိုးပြုမှုတို့မှတစ်ဆင့် လူ့အသိုင်းအဝိုင်းနှင့် စီးပွားရေးစနစ်များကို အသွင်ပြောင်းစေပါသည်။

**တုံ့ပြန်မှု။** ။ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားတို့အပေါ်ထားရှိသည့် အပျက်သဘောဆောင်သည့် စိတ်နေသဘောထားများနှင့် အပြုအမူတို့ကို ပြောင်းလဲရန်အလို့ငှာ ၎င်းတို့၏ဖြစ်တည်မှုနှင့် အကျိုးပြုမှုတို့ကို သိရှိနားလည်မှု မြင့်တက်လာရန် လိုအပ်ပါသည်။

**ဆွေးနွေးရန်အချက်။** ။ အာဆီယံနိုင်ငံများတွင် အမျိုးသားရွှေ့ပြောင်းအလုပ်သမားနှင့် အမျိုးသမီးရွှေ့ပြောင်း အလုပ် သမားတို့အကြား လုပ်ခလစာသည် ကုန်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး ကဏ္ဍတို့၌ ၂၄ ရာခိုင်နှုန်းအထိ ကွာဟမှုရှိနိုင်ပါသည်။

**တုံ့ပြန်မှု။** ။ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားတို့အတွက် လုပ်ငန်းခွင်အခြေအနေများကို ပိုမိုမျှတစေရန် အလို့ငှာ ကျား၊ မရေးရာအခြေပြုဥပဒေများနှင့် မူဝါဒတို့ကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ပါဝင်ပတ် သက်သူတို့၏စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားသမဂ္ဂများနှင့် အလုပ်သမား အဖွဲ့အစည်းတို့ကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်းတို့အားလုံးလိုအပ်ပါသည်။






**ဆွေးနွေးရန်အချက်။** ။ ။ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများသည် ထိခိုက်ခံစားရနိုင်ချေ အမြင့်ဆုံးအုပ်စုများတွင် ပါဝင်နေကာ - အများအားဖြင့် ရှင်းလင်းသည့် အလုပ်သမားရေးရာစည်းကမ်းချက်များမရှိဘဲ၊ ပုဂ္ဂလိကအိမ်ထောင်စုများတွင် အလုပ်လုပ်ကိုင်နေကြပြီး ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းဘေးအန္တရာယ်ကို ရင်ဆိုင်ကြရခြင်း၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုကိုလည်း မကြာခဏကြုံတွေ့ရခြင်း၊ အလုပ်သမားရေးရာ ဥပဒေပြုခြင်းတို့တွင် မေ့လျော့ပြီး ချန်လှပ်ခံရခြင်း တို့ကို တွေ့ကြုံခံစားကြရပါသည်။

**တုံ့ပြန်မှု။** ။ အိမ်အကူအလုပ်ကို အလုပ်အဖြစ် အသိအမှတ်ပြုခြင်းသည် ရွှေ့ပြောင်းအိမ်အကူ အလုပ်သမားတို့အတွက် လုံခြုံစိတ်ချရ၍မျှတသော ရွှေ့ပြောင်းမှုဖြစ်စေမည့် ပထမဆုံးခြေလှမ်းပင်ဖြစ်သည်။

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ပါအချက် (၁၀.၇) အစီအစဉ်တကျနှင့် ကောင်းမွန်စွာစီမံခန့်ခွဲထားသည့် ရွှေ့ပြောင်းသွားလာမှုမူဝါဒများမှတစ်ဆင့် စနစ်တကျနှင့် လုံခြုံစိတ်ချရပြီး၊ ပုံမှန်ဖြစ်ကာ တာဝန်ယူမှုရှိသာ ရွှေ့ပြောင်းသွားလာခြင်းနှင့် လူအများရွှေ့ပြောင်းသွားလာခြင်းတို့ဖြစ်စေရန် ကူညီဆောင်ရွက်ရေး။

**ဆွေးနွေးရန်အချက်။** ▌ အာဆီယံဒေသတွင်ရွှေ့ပြောင်းသွားလာခြင်းကြောင့် ကြုံတွေ့ရမည့် အန္တရာယ်များကို ကာကွယ်ရန်ဆိုသည့် အကြောင်းပြချက်ဖြင့် အမျိုးသမီးများ၏ ရွှေ့လျားသွားလာမှုကို ကန့်သတ်တားမြစ်သည့် ခွဲခြားဆက်ဆံရာရောက်သော မူဝါဒများကို ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ ယင်းမူဝါဒတို့က အမျိုးသမီးတို့အား ရွှေ့ပြောင်းသွားလာရေးပုံမှန်ရွေးချယ်စရာများ ရရှိရေးကိုလျော့ပါးသွားစေသည့် သက်ရောက်မှုရှိပြီး၊ အမျိုးသမီးတို့အား ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်း သွားလာရေးလမ်းကြောင်းတို့ဆီသို့ တွန်းပို့လိုက်သကဲ့သို့ဖြစ်နေကာ၊ သူတို့အား အကြမ်းဖက်မှု၊ အတင်းအကျပ် အလုပ်စေခိုင်းမှုနှင့် လူကုန်ကူးမှုအန္တရာယ်တို့ကို မြင့်တက်စေပါသည်။

**တုံ့ပြန်မှု။** ▌ အမျိုးသမီးများအတွက် လုံခြုံစိတ်ချရပြီး မျှတသော ရွှေ့ပြောင်းသွားလာရေး အခွင့်အလမ်းများကို လက်လှမ်းမှီရရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်မှုအမြင်ဖြင့် ချမှတ်သော ရွှေ့ပြောင်းသွားလာရေး မူဝါဒများ၏ အားနည်းချက်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသော ကျားမရေးရာဆိုင်ရာအမြင်ရှိသည့် မူဝါဒများချမှတ်ခြင်း၏ အကျိုးကျေးဇူးများကို မူဝါဒချမှတ်သူများက သိမြင်နားလည်နိုင်စေရေး ၎င်းတို့အား စွမ်းရည်မြှင့်တင်ပေးရန်မှာ အထူးလိုအပ်ပါသည်။ ရွှေ့ပြောင်းသွားလာမှု၏ စရိတ်သည် နိုင်ငံအတော်များများတွင် ဆက်လက်မြင့်မားနေဦးမည်ဖြစ်သည်။ စရိတ်များနှင့်ပတ်သက်သည့် သတင်း အချက်အလက်များကောက်ခံခြင်းနှင့် လျော့ချနိုင်မည့်နည်းလမ်းများ ရှာဖွေခြင်းသည် လုံခြုံစိတ်ချရ၍၊ မျှတသောရွှေ့ပြောင်းသွားလာမှုအတွက် ဦးစားပေး တစ်ရပ်ပင်ဖြစ်သည်။

Safe and Fair စီမံကိန်းသည် **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ပါအချက် (၁၆)** ဖြစ်သည့် စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်း၍၊ အများပူးပေါင်းပါဝင်သော လူ့အသိုင်းအဝိုင်းတို့ကို မြှင့်တင်ဆောင်ရွက်ပြီး၊ ပြည်သူအားလုံးအတွက်တရားမျှတမှုရရှိရန်ဆောင်ကျဉ်ပေးရေးနှင့် အဆင့်အားလုံး၌ အထူးသဖြင့် အညွှန်းကိန်း (၁၆.၂.၂) ပါ **(လိင်၊ အသက်နှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုပုံစံအားဖြင့် လူဦးရေ ၁၀၀၀၀၀ တွင် လူကုန်ကူးခံရသူ အရေအတွက်) နှင့်ဆက်နွယ်ပြီး ထိရောက်၍၊ တာဝန်ခံမှုရှိကာ၊ အများပူးပေါင်း ပါဝင်မှုရှိသည့် အဖွဲ့အစည်းများ တည်ဆောက်ရေးကိုလည်း ပံ့ပိုး ပေးသွားမည်ဖြစ်သည်။**

## ဆက်သွယ်ရန်

Safe and Fair အစီအစဉ်နှင့်ပတ်သက်သည့်ကိစ္စရပ်များအတွက် အောက်ပါပုဂ္ဂိုလ်တို့ကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

**Deepa Bharathi**
နည်းပညာအကြံပေးချုပ်၊ Safe and Fair Program၊ ILO Regional Office for Asia and Pacific
ဖုန်း — +၆၆ ၂ ၂၈၈ ၁၁၉၂
အီးမေးလ် — bharathi@ilo.org

**Valentina Volpe**
အမျိုးသမီးများအပေါ်အကြမ်းဖက်မှု အဆုံးသတ်ရေးဆိုင်ရာကျွမ်းကျင်ပညာရှင်၊
Safe and Fair Program၊ UN Women Regional Office for Asia and the Pacific
ဖုန်း — +66 2 288 1152
အီးမေးလ် — valentina.volpe@unwomen.org

Twitter ပေါ်တွင် @GlobalSpotlight အမည်ဖြင့် ကျွန်ုပ်တို့၏သတင်းများကို သိရှိနိုင်ပါသည်။